# ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး

# ၂၁ ရက်မြောက်နေ့ အစီအစဉ်

# [ ၂၀ - ၉ - ၂၀၁၁ ]

# ( အင်္ဂါနေ့ )

၁။ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် ၂၁ ရက်မြောက်နေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **ရခိုင်ပြည်နယ်တွင် လူငယ်များ အလုပ်အကိုင် ရရှိရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးစောတော်ပလဲ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၏ **သံတောင်-ဘောဂလိလမ်း၊ တောင်ငူ-လွိုင်ကော်လမ်း၊ သံမိုးတောင်ပိန်းသီလာလမ်း တို့ကို အထူးပြန်လည်ထိန်းသိမ်းမည့် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဂ ) ဦးနိန်းခင်းပေါင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၏ **မြို့ချင်း ဆက်သွယ်ပေးသော တီးတိန်-တွန်းဇံ-ကျီခါး မော်တော်ကားလမ်း ပြုပြင်မွမ်းမံ ထိန်းသိမ်းပေးရန်နှင့် လမ်းတိုးချဲ့ပေးရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးနိုင်ထွန်းအုံ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၏ **ဘုရားသုံးဆူမြို့နှင့် သံဖြူဇရပ်မြို့ကို ဆက်သွယ်သော လမ်းမကြီးကို ပြန်လည်ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( င ) ဦးဌေးမောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၏ **ဝမ်းတွင်းမြို့နယ်မှ ပြည်ထောင်စု အမြန်လမ်းမကြီးသို့ ချဉ်းကပ်လမ်း (ကွန်ကရစ်လမ်း) အဖြစ် အဆင့်တိုးမြှင့် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( စ ) ဦးစောငြိမ်းသင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၏ **၁၉၂၁ခုနှစ်ကတည်းက ဆောက်လုပ်ခဲ့သော လှိုင်းဘွဲ့မြို့ဝင် သံတံတားကြီးအား အသစ်ပြန်လည် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးလှစိုး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၏ **ပုလောတံတားကို ဘေလီတံတားအဆင့်မှ သံကူကွန်ကရစ်တံတားအဆင့်သို့ တိုးမြှင့်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် ပြည်ထောင်စုလမ်းမကြီးပေါ်တွင် ကျရောက်နေသော ပုလောမြို့နယ် လမ်းအပိုင်းကို ကတ္တရာပြန်လည် ခင်းပေးရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဇ ) ဦးဆွေအောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၏ **လှည်းကူး-ဆားတလင်း-ဒါးပိန်လမ်းပိုင်းနှင့် ဒါးပိန်-ကျွဲကူးဆိပ် လမ်းပိုင်းအား ကတ္တရာလမ်းအဆင့်တိုးမြှင့်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဈ ) ဦးဉာဏ်လင်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **ရှမ်းပြည်နယ်မှ ရထားစီးခရီးသည်များ ရထားပြောင်းရန် မလိုဘဲ တောင်ပေါ်တက်သည့် စက်ခေါင်းနှင့် မြေပြန့်သွားစက်ခေါင်း ပြောင်းဆွဲရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ည) ဦးဂမ်ဆိုင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **ဗန်းမော်-မြစ်ကြီးနား မီးရထားလမ်း ဖောက်လုပ်ခြင်းနှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဋ ) ဦးစိုင်းတင်အောင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၏ **မိုးညှင်းခရိုင်၊ မိုးညှင်းမြို့ မီးရထားဘူတာရုံနှင့်ကုန်စည်သိုလှောင်ရုံတို့ကို ရထားပို့ဆောင်ရေး ဝန်ကြီးဌာနမှ တိုးချဲ့ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဌ ) ဦးအောင်ငြိမ်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၏ **ငွေးချိုမှ ရေနံချောင်းသို့ မီးရထားလမ်းသစ် တိုးချဲ့ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

( ဍ ) ဦးဇော်မြင့်ဖေ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) ၏ **ဘဏ္ဍာရေး နှင့်အခွန်ဝန်ကြီးဌာနက တာဝန်ယူအကောင်အထည်ဖော်လျက်ရှိသော နိုင်ငံတော် ဘဏ္ဍာရေးမူဝါဒနှင့်ငွေကြေးမူဝါဒတို့၏ အကျိုးသက်ရောက်မှုအခြေအနေများ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဎ ) ဦးဇော်မြင့်ဖေ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) ၏ **နိုင်ငံတော် ဘတ်ဂျက်ကို စနစ်တကျ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ သုံးစွဲရေး** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဏ) ဦးသိန်းဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၏ **မြန်မာနိုင်ငံ ခရီးစရိတ်လက်စွဲကို ခေတ်ကာလနှင့်လျော်ညီစွာ ပြုပြင်ရေးဆွဲ သတ်မှတ် ပြဋ္ဌာန်းရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(တ) ဦးမြတ်ကို၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) ၏ **လမ်းပန်း ဆက်သွယ်ရေး ခက်ခဲသော ဒေသများတွင် တာဝန်ထမ်းဆောင်နေကြသော နိုင်ငံ့ဝန်ထမ်းများအတွက် သီးခြားထောက်ပံ့စရိတ် သို့မဟုတ် ရှားပါးစရိတ် သို့မဟုတ် အထူးအခွင့်အရေးများ ပေးနိုင်ရေး အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ထ) ဦးဖေသောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၏ **ကချင်ပြည်နယ်၊ မိုးညှင်း ခရိုင်၊ ဟိုပင်မြို့နယ်ခွဲတွင် မြန်မာ့စီးပွားရေး ဘဏ်ခွဲတစ်ခု ဖွင့်လှစ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဒ) ဦးဂမ်ဆိုင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **ဝိုင်းမော်မြို့ မြန်မာ့စီးပွားရေး ဘဏ်ခွဲတွင် ငွေစုစာအုပ်ဖြင့် ပြည်သူများ ပြန်လည်၍ ငွေစုဆောင်းနိုင်ရန် စီစဉ်ပေးနိုင်မှု အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏ အစီရင်ခံစာကို အမျိုးသား လွှတ်တော်က သဘောတူလက်ခံရန် ပြည်သူ့ငွေစာရင်းကော်မတီဝင် တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်း။

၇။ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ၏ အစီရင်ခံစာကို အမျိုးသားလွှတ်တော်က သဘောတူလက်ခံရန် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးက အဆိုတင်သွင်းခြင်းနှင့်အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်း။

၈။ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ၂၁ ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် ၂၂ ရက်မြောက်နေ့ အစည်းအဝေး ဆက်လက် ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။